# ဂိုင်ယာနာ



ဂိုင်ယာနာသည် တောင်အမေရိကတိုက်၏ မြောက်ဘက်ထိပ်ဆုံး နိုင်ငံများတွင် ပါဝင်၍၊ အတ္တလန်တိတ် သမုဒ္ဒရာ၊ ဆူရီနင်၊ ဘရာဇီးလ်နှင့် ဗင်နီဇွဲလားနိုင်ငံတို့ ထိစပ်လျှက်ရှိသည်။ အီကွေတာနှင့် နီးစပ်သော နိုင်ငံ ဖြစ်၍ အပူပိုင်းဒေသတွင် ကျရောက်သည်။



ဂိုင်ယာနာ၏ မူရင်းဒေသ လူမျိုးများမှာ အမေရိက အလယ်ပိုင်း ဒေသခံလူမျိုးများ ဖြစ်သည့် အရာဝ့ါခ်နှင့် ကာရိဘ် လူမျိုးတို့ ဖြစ်သည်။ ဥရောပ တိုက်သားများ၏ ကိုလိုနီဘဝတွင် အာဖရိကမှ ကျွန်များစွာကို တင်သွင်းခဲ့သည်။ ထို့ပြင် ဥရောပတိုက်သားပေါင်း များစွာလည်း ရောက်ရှိလာခဲ့သည်။ ဂိုင်ယာနာသည် ၁၉၆၆ ခုနှစ် မေလ ၂၆ ရက်တွင်မှ ဗြိတိသျှ လက်အောင်မှ လွတ်မြောက်ခဲ့သည်။

ဂိုင်ယာနာနိုင်ငံ အစ္စလာမ် ဗဟိုအဖွဲ့အစည်း၏ ထုတ်ပြန်ချက်အရ အစ္စလာမ့် ဝတ်ကျောင်းတော်ပေါင်း ၁၂၅ ဆောင်ရှိ၍၊ တိုင်းပြည်လူဦးရေ၏ ၁၂ ရာနှုန်းသည် အစ္စလာမ် သာသနာဝင်များ ဖြစ်သည်။ အီးဒ် ပွဲတော်နေ့ (၂) ရက်သည် အစိုးရ တရားဝင် ရုံးပိတ်ရက်များ အဖြစ် သတ်မှတ်ခံထားရသည်။

၁၉၉၈ ခုနှစ်မှ စ၍ ဂိုင်ယာနာနိုင်ငံသည် ကမ္ဘာ့ အစ္စလာမ်မစ် ညီလာခံ၏ အဖွဲ့နိုင်ငံ ဖြစ်လာခဲ့သည်။ ဂိုင်ယာနာ နိုင်ငံအား မူဆလင်များ ရောက်ရှိလာသော ခုနှစ်မှ ၁၈၃၈ ခုနှစ်ဟု မှတ်တမ်းဝင် ဖြစ်သော်လည်း၊ ထိုထက်စော ၍ မူဆလင်များ ရှိနေခဲ့သည်မှာ ဖျောက်ဖျက်၍ မရချေ။ အာဖရိကမှ ကျေးကျွန်ပြုလုပ်ရန် ဖမ်းဆီးခေါ်ဆောင် ခြင်း ခံရသူများတွင် အစ္စလာမ် သာသနာဝင်များ ပါဝင်ခဲ့သည်။ အာဖရိက အနောက်ပိုင်းမှ မန်ဒင်ဂိုနှင့် ဖူလာနီ လူမျိုးမူဆလင်များသည် ဂိုင်ယာနာ၏ ကြံစိုက်ခင်းများတွင် ကျေးကျွန်လုပ်ပေးခဲ့ရသည်။ ၁၇၆၃ ခုနှစ် ပုန်ကန်

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ထကြွခဲ့သော အမျိုးသားခေါင်းဆောင် ဂါတ်ဖီသည် ဒတ်ချ်အစိုးရထံသို့ ငြိမ်းချမ်းရေး အခြေအနေများ စာရေးသားရာတွင် အာရ်ဗီစာဖြင့် ရေးသားခဲ့ပြီး ဂါတ်ဖီ အုပ်စုသည် မူဆလင်များ ဖြစ်ကြောင်းကို ဖေါ်ပြနေသည်။

သို့သော် ဖမ်းဆီးထားသော ကျေးကျွန်များအပေါ် ရက်စက်ကြမ်းကြုတ်စွာဖြင့် ချေမှုန်းခဲ့ပြီး၊ မူဆလင်နှင့် အစ္စလာမ့် ဓလေ့များကိုပါ ကျွန်ပြုခံခဲ့ရသဖြင့် တောင်အာရှမှ မူဆလင်များ ရောက်ရှိလာချိန်ထိ အစ္စလာမ့် ဓလေ့ဟူ၍ မတွေ့ရတော့ပေ။ သို့သော် ယခုခေတ် ဂိုင်ယာနာမှ မူဆလင်များသည် သူတို့ကို သူတို့ ဖူလာဟု ရည်ညွှန်းလျှက် သူတို့၏ အာဖရိက အနောက်ပိုင်းမှ လွတ်ငြိမ်းခွင့် အဖွဲ့နှင့် အဆက်အသွယ်ရှိခဲ့သည်။ ၁၈၃၅ မှ ၁၉၁၇ အတွင်း ရောက်ရှိလာသော အိန္ဒိယသား ၂၄၀၀၀၀ မှာ စာပေမတတ်သည့် အူရ်ဒူ စကားပြော ကျေးလက်ဒေသသားများ ဖြစ်၍ ၈၄ ရာနှုန်းမှာ ဟိန္ဒူဘာသာဝင်များ ဖြစ်ကြသည်ဟု မာစီယာ အီလီဒါက ရေးသားခဲ့သည်။

နောက်ပိုင်းတွင် ရှီယာမူဆလင်များနှင့် အာဟ်မဒ်ဒီယာများ ရောက်ရှိလာခဲ့သည်။ သို့သော် သူတို့၏ လူဦးရေမှာ ရာနှုန်းဝင် သတ်မှတ်လောက်သည့် ပမာဏ မရှိခဲ့ချေ။

ဦးဌေးလွင်ဦး စုဆောင်း တင်ပြသည်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com